ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၀၈ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက် )

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့် ရရှိပြီးသောလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက လိုင်စင်/ပါမစ်များ ဆက်လက်ခွင့်ပြုပေးရာတွင် သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေတို့အရ လိုအပ်သည့် စာရွက်စာတမ်းများကိုသာ တောင်းခံခြင်း၊ လိုင်စင်/ ပါမစ်များကို အချိန်တိုအတွင်း ခွင့်ပြုပေးခြင်း၊ ခေတ်စနစ်အချိန်အခါအရ မလိုအပ်သည့် လိုင်စင်/ပါမစ်များကို ပယ်ဖျက်ခြင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာကို တွင်ကျယ်စွာ အသုံးပြုခြင်း တို့ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေပြီး ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရန်ရည်ရွယ်၍ **"ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(င) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ဇ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဋ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဌ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဍ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဎ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(တ) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက စီမံခန့်ခွဲဆောင်ရွက်သည့် ဥပဒေ၊ နည်းဥပဒေများကို မဖြစ်မနေ ရယူရန်လိုအပ်သည့် လိုင်စင်/ပါမစ် အမျိုးအစား (ဖြေလျှော့ပေးပါက နိုင်ငံအတွက်၊ လုပ်ငန်းကဏ္ဍအတွက် Risk ရှိသည့် လိုင်စင် / ပါမစ်အမျိုးအစား) များကို သုံးသပ်စိစစ်တင်ပြခြင်း၊

(ခ) ဥပဒေ၊ နည်းဥပဒေတို့အရ လိုင်စင်/ ပါမစ် ရယူရန် လိုအပ်သော်လည်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်နှင့်အတူသော်လည်းကောင်း၊ လုပ်ငန်းသဘောသဘာဝအရ တူညီသည့်အခြားသော လိုင်စင်/ ပါမစ်တို့နှင့်ပေါင်း၍ သော်လည်းကောင်း ရင်းနှီးမြှုပ်နှံသူထံ တစ်ပေါင်းတည်း ပေးအပ်နိုင်ရန် ကြိုတင် စီစဉ်ဆောင်ရွက်နိုင်သည့် လိုင်စင်/ပါမစ် အမျိုးအစား (ဖြေလျှော့မှု အတွက် Low Risk သာရှိသည့် အမျိုးအစား) ကို သုံးသပ်စိစစ်တင်ပြခြင်း၊

(ဂ) ဥပဒေ၊ နည်းဥပဒေများ၏ လိုအပ်ချက်အရ ထုတ်ပေးခြင်းမဟုတ်ဘဲ ဌာန၏ လုပ်ငန်းလိုအပ်ချက်အရ ထုတ်ပေးခြင်းဖြစ်ပြီး လက်ရှိအခြေအနေ အချိန်အခါအရ ပယ်ဖျက်သင့်သည့် လိုင်စင်/ ပါမစ် အမျိုးအစားများကို သုံးသပ်စိစစ်တင်ပြခြင်း၊

(ဃ) လုပ်ငန်းသဘောသဘာဝအပေါ်မူတည်၍ Online ဖြင့် ထုတ်ပေးနိုင်သည့် လိုင်စင်/ ပါမစ်အမျိုးအစားများ၊ Manual နှင့် Online တွဲ၍ ဆောင်ရွက်နိုင်သည့် အမျိုးအစားများကို စိစစ်တင်ပြခြင်း၊

(င) Online စနစ်ဖြင့် ဆောင်ရွက်ရာတွင်လည်းကောင်း၊ Standard Operating Procedure (SOP) ရေးဆွဲဆောင်ရွက်ရာတွင်လည်းကောင်း လိုအပ်သည့်နည်းပညာ၊ အကူအညီအထောက်အပံ့များ ရယူဆောင်ရွက်နိုင်ရန် သုံးသပ်စိစစ်တင်ပြခြင်း။

၃။ အဖွဲ့၏ အစီရင်ခံစာအား စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုထောက်ခံတင်ပြချက်တို့နှင့်အတူ ၂၀၂၃ ခုနှစ်၊ မေလ ပထမပတ်ထက် နောက်မကျစေဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ တင်ပြရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ